ဟသ်ာၤတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဇမ္ဗူညွန့်ကျေးရွာ၊ ဟသ်ာၤတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၁-၄ |
| စကားချီး ` | | ၅-၆ |
| ဇမ္ဗူညွန့်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | | ၇ |
| ဇမ္ဗူညွန့်ကျေးရွာ၊ ရာသီခွင်ပြပြက္ခဒိန်၊ဟသ်ာတမြို့နယ် | | ၈ |
| ဇမ္ဗူညွန့်ကျေးရွာ၊ အဖွဲ့အစည်းပြမြေပုံ၊ ဟသ်ာတမြို့နယ် | | ၉ |

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

| | | |
|---|---|---|
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (၁-၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (၁-၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၀-၁၂ |
| (၂) | ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| | (ခ) သဘာဝအရင်းအမြစ်များ | ၁၂ |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| | (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၂-၁၄ |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| | (ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၄-၁၈ |

(၅) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား ၁၈-၁၉
(၆) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၉-၂၀
(၇) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ
(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(၂)ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း
(၃)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ ၂၁
(၈) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
(၁)ကြီးကြပ်စစ်ဆေးခြင်း
(၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၂၁-၂၄
(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၄
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၅-၂၇
၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈-၂၉

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ ၃၀-
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်
ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
အတွက်အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်
ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်
လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား ၃၀ ပညာရေးနှင့်စာတတ်မြောက်မှု

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိမှု

ဇယား ၃၈ အိမ်သာအမျိုးအစား

ဇယား ၃၉ ကျား၊ မရေးရာ

ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ
အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ -၈၃
ကိုးကားစာရင်း ၈၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့်စီမံချက်သည် ၂၀၁၈–၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ၂၀၂၂–၂၀၂၃ခုဘဏ္ဍာရေးနှစ်အထိ ၅နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည်ဟုသိရပါသည်။ ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ချက်များသည်ကျွန်ုပ်တို့ရွာအတွက်အလွန်ပင်နောက်ကျနေပေသည်။ အခြားဒေသ၊ပတ်ဝန်းကျင်ရွာများတွင်ယခု၂၀၁၈–၂၀၁၉ခုဘဏ္ဍာရေးနှစ်သည် စီမံကိန်း နောက်ဆုံးနှစ်ပင်ဖြစ်နေသည်ကိုသိရပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မျှော်မှန်းချက်သည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်နှင့်ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ၊ဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းထားကြောင်းသိရပေသည်။ ဤမျှကြီးမားသော စီမံကိန်းကို ယခုမှစတင်ရေးဆွဲရသော ကျွန်ုပ်တို့ကျေးရွာအနေဖြင့် အသိနောက်ကျရခြင်းမှာ အလွန်ပင်နောင်တရစရာဖြစ်ပါတော့သည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ရည်မှန်းချက်(၃)ရပ်ကိုသိရသောအခါပို၍ပင် ကျေးဇူးတင်မိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ သတင်းအချက် အချက်အလက်နှင့် အကြံဉာဏ်များကို ပံ့ပိုးပေးသောကျေးရွာအုပ်စု၊အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများစသည့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်မိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ယခင်ကဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ခဲ့ကြသော်လည်း ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်နည်းလမ်းနှင့် အသိပညာများမရှိခဲ့ကြပါ။ ယခုမှသာ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်၍ အချင်းချင်းဆွေးနွေးတိုင်ပင်ညှိနှိုင်းအဖြေရှာပြီး စီမံကိန်းရေးဆွဲနိုင်ရန် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူများအဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်း၍စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤစီမံကိန်းကြောင့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းအချက်အလက်များအရေးပါမှုကိုသိရှိရုံမျှမက ကျေးရွာအုပ်စု၊အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ နေရာများမှလည်းထုတ်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူ၍လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ရပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ဆည်းပေးခြင်းဖြင့်ပိုမိုပြည့်စုံလာမည်ဖြစ်ပါသည်။ ဤစီမံကိန်းသည်၅နှစ်တာအတွင်း ဆက်တိုက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတဝက်ခန့်ရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။ ထိုသို့ပြုပြင်ပြောင်းလဲမှုများဆက်လက်

လုပ်ဆောင်ရာတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူဝါဒ(၇)ရပ်နှင့်အညီညွှန်ကြားပေးသောအချက်အလက်များကို ကျွန်တို့ပြည်သူများမှတက်ကြွစွာပါဝင်၍ဆက်လက်လုပ်ဆောင်သွားရပါမည်။

ကျေးရွာ၏ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဦးစားပေးစီမံချက်များ ဆက်လက်ဆောင်ရွက်နိုင်ရန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ မူဝါဒများအတွင်းမှ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်တို့မျှော်လင့်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကြီးကြပ်အကဲဖြတ်ရန်အတွက် နည်းပညာနှင့်ပံ့ပိုးမှုများရရှိနိုင်မည် ဖြစ်ကြောင်းယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းတွင် အပိုင်း၂ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းအတွက်လိုအပ်သည့် အစီအစဉ်တို့ပါဝင်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တာဝန်(၁၁)ရပ်အတွင်းမှ နံပတ်(၁၀)ဖြစ်သော မြို့ပြနှင့်ကျေးလက်လူမှုစီးပွားဘဝကွာခြားမှု ကျဉ်းမြောင်းစေရေးအတွက် မဟာဗျူဟာမူဘောင် အစီအမံများချမှတ်ဆောင်ရွက်ပေးခြင်း၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းများစသည့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဤကဲ့သို့ မဟာဗျူဟာစီမံကိန်းချမှတ်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များလုပ်ဆောင်မည်ဆိုပါက မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူဝါဒများမျှော်မှန်းချက်များရည်မှန်းချက်များနှင့် တာဝန်များကိုပံ့ပိုးကူညီပေးနေသည့် အလျောက် ကျွန်တို့ကျေးရွာနေပြည်သူများမှလည်း တက်ကြွစွာစုပေါင်းပါဝင်ကြရမည်ဖြစ်သည်။ သို့မှသာမျှော်မှန်းထားသော အစဉ်အဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်နှင့်ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတော့သည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဇမ္ဗူညွှန့်ကျေးရွာ
ဟသ်ာတမြို့နယ်

ဧပြီလ၊ ၂၀၁၉ ခုနှစ် ရက်

မဒေါ်တလုတ်ကုန်းကျေးရွာအုပ်စု၊ ဓမ္မညွှန့်ကျေးရွာ၊ သယံဇာတပြမြေပုံ



ဇမ္ဗူညွန့်ကျေးရွာ၊ ရာသီခွင်ပြပြက္ခဒိန်၊ဟသာ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်း ကျွတ် | တန်ဆောင် မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကဲ | ဓါတ်မြေ ဩဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါး ရိတ်သိမ်း | မတ်ပဲ စိုက် | ပိုးသတ် ဆေးဖျန်း | - | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေ သွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဇမ္ဗူညွန့်ကျေးရွာ၊ အဖွဲ့အစည်းပြမြေပုံ၊ ဟသ်ာတမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း၊ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

၁.၁ ရည်ရွယ်ချက်နှင့်အကျိုးဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ အကူအညီဖြင့်ရေးဆွဲခဲ့ပါသည်။ ထိုသို့ ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်စနစ်တကျစီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကိုရေးဆွဲရန်အတွေ့အကြုံမရှိခဲ့ပါ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပေါင်းစပ်၍ ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်နိုင်ရေးကို စည်းရုံးလှုံ့ဆော်ပေးခဲ့ပါသည်။ထို့ကြောင့်သာကျေးရွာပြည်သူများ ကိုယ်တိုင်တက်ကြွစွာပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၅)နှစ်တာကို ရေးဆွဲခြင်းအောင်မြင်ခဲ့ပါသည်။ ဤသို့စီမံကိန်းရေးဆွဲပြီးမှသာ ကဏ္ဍအသီးသီးမှ ဖွံ့ဖြိုးတိုး တက်ရေး ကျေးရွာ၏လူဦးရေးဆိုင်ရာကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်းရယူရန်သတိပြုမိပါသည်။ ထိုသို့ သက်ဆိုင်ရာဌာနအသီးသီးတို့နှင့် ချိတ်ဆက်၍ သတင်းအချက်အလက်များရယူကာ ကျေးရွာစီမံကိန်းရေးဆွဲရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုသိရှိလာရပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိ နိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများ ထံမှရနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေရန်အတွက်ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဇမ္ဗူညွန့်ကျေးရွာသည် ဟသ်ာတမြို့နယ်၏ အရှေ့ဘက်(၁၅)မိုင်ခန့်အကွာတွင်တည်ရှိသည်။ ကျေးရွာ၏အနောက်ဘက်တွင် လေးမျက်နှာမြို့နယ်ရှိပါသည်။ ယုန်သလင်းတိုက်နယ်အတွင်းတွင် တည်ရှိပြီးတောင်ဘက်ခြမ်းတွင်ရှိပါသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့်မိုးရွာသွန်းမှုများသောဒေသဖြစ်သည်။ မြေမျက်နှာသွင်ပြင်မှာမြေပြန့်ဖြစ်၍မြစ်ချောင်းအင်းအိုင်မရှိပါ။နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးအသင့်အတင့်ရှိပါသည်။ မြေဆီလွှာအသင့် အတင့်ကောင်းမွန်ပြီးသဲဆန်သောမြေအမျိုးအစားဖြစ်သည်။

ဇမ္ဗူညွန့်ကျေးရွာ၏ အရှေ့ဘက်တွင်သဘ်န်းကုန်းကျေးရွာအုပ်စု၊အရှေ့တောင်ဘက်တွင် ပျဉ်ထောင်ကွင်း ကျေးရွာ၊တောင်ဘက်တွင် မန်ကျည်းပင်ကွင်းကျေးရွာ၊ အနောက်ဘက်တွင်ပြည်တော်သာ၊ အင်္ဂရန်းကျေးရွာ၊မြောက်ဘက်တွင် ယုန်သလင်းကျေးရွာကြီးတည်ရှိပါသည်။ ရွာ၏ပုံသဏ္ဍာန်မှာရွာဝိုင်းသဏ္ဍာန်ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ဇမ္ဗူညွန့်ကျေးရွာသည် လယ်ယာစိုက်ပျိုးမြေ၊ဥယျာဉ်ခြံမြေ၊မြေအောက်ရေစသည့် သဘာဝအရင်းအမြစ်များသာ ရှိပြီးအခြားသဘာဝအရင်းအမြစ်များမရှိပါ။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ဇမ္ဗူညွန့်ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စုပေါင်း (၁၂၄)အိမ်ထောင်စုဖြစ်သည်။ လူဦးရေစုစုပေါင်း(၄၈၀)ဦးရှိပါသည်။ ကျေးရွာတွင် (ဗမာ)လူမျိုးအများစုနေထိုင်ပြီးကရင်လူမျိုးအနည်းစုနေထိုင်ကြသည်။ ကျေးရွာရှိ လူဦးရေ၏ ၃၈%သည် အလုပ်လုပ်ကိုင်နိုင်သောဦးရေဖြစ်ပြီး ကျန်းမာရေးချို့တဲ့သူ၊ အိုမင်းမစွမ်း၊ကိုယ်ဝန်ဆောင်အမျိုးသမီး၊ ၅နှစ်အောက်ကလေးငယ်များကျောင်းတက်နေ

သူများ စုစုပေါင်းအရေအတွက်မှာ ၂၇%ရှိသည်။ အမျိုးသားနှင့်အမျိုးသမီးဦးရေ ကွာခြားမှုမရှိလှပါ။ တစ်အိမ်ထောင်လျှင် လူဦးရေ ၃.၈၇ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လူဦးရေပျမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းပါသည်။ ပျမ်းမျှတစ် အိမ်ထောင်လျှင်(၄)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏အမျိုးသား အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက်လျော့နေပါသည်။

(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာတွင်အိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ အလွန် မပြေလည်သော ဆင်းရဲသားအိမ်ထောင်စုမှာ၄၇%ရှိပါသည်။ လယ်ယာမြေ(၃)ကေ ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူဦးရေမှာ၂၁%ရှိသည်။ (၅)ကေအောက်ပိုင်ဆိုင် သောတောင်သူငယ်အိမ်ထောင်စုမှာ၈%ရှိသည်။ (၁၂)ကေအောက်ပိုင်ဆိုင်သော တောင်သူလတ် အိမ်ထောင်စုဦးရေမှာ ၁၇% ရှိပါပြီး(၁၂)ကေအထက်ပိုင်ဆိုင်သော တောင်သူကြီး အိမ်ထောင်စုဦးရေမှာ ၇%ရှိပါသည်။ ထိုအိမ် ထောင်စုများထဲတွင် ခြံလုပ်ကိုင်သူအိမ်ထောင်စုဦးရေ အနည်းငယ်ပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲနွမ်းပါးသူများဆင်းရဲသားတောင်သူများနှင့် အမျိုးသမီးဦးဆောင် သောဆင်းရဲသည့် အိမ်ထောင်စုများသည် ငွေကြေး၊အခက်အခဲကြောင့်ထိခိုက် လွယ်မှုများအသင့်အတင့်ခံကြရသည်။ စားနပ်ရိက္ခာမဖူလုံမှု၊နေထိုင်စရာပြည်စုံဖူ လုံမှုမရှိခြင်း လူမှုရေး၊ကျန်းမာရေး၊ပညာရေးစသည့်တို့တွင် စိတ်အားငယ်မှု၊ ပူပန် ကြောင့်ကြမှုစသည့်တို့ထိခိုက်ခံစားရသည်။ ကျေးရွာ၏ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက် လွယ်မှုများခံစားရသော အိမ်ထောင်စုမှာ ၆၈%ရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်သာမန်ဖျားနာခြင်းများမှလွဲ၍ အခြားဆိုးရွားသောရောဂါများ ဖြစ်ပွားမှုမရှိပါ။ ကျောင်းသား/သူများအား စာသင်ကျောင်းတွင်အဟာရတိုက်ကျွေး မှုရှိပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဇမ္ဗူညွန့်ကျေးရွာတွင်အတန်းပညာပြီး မြောက်မှုကောက်ယူထားသော ကိန်းဂဏန်းများအရ မူလတန်းအဆင့်ရှိသူ ကျား(၈၇)၊မ(၁၀၀) ပေါင်း(၁၈၇)ဦးရှိ သည်။အလယ်တန်းအဆင့်ရှိသူ ကျား(၅၇)၊မ(၆၁) ပေါင်း(၁၁၈)ဦး အထက်တန်း အဆင့်ရှိသော ကျား(၃၈)၊ မ(၄၇)ပေါင်း (၈၅)ဦး၊ တက္ကသိုလ်အဆင့်ရှိသူ ကျား

(၂၁)၊မ(၃၀)၊ပေါင်း(၅၁)ဦးရှိသည်။ စာတတ်မြောက်မှုမရှိသော(၅)နှစ်အောက်ကလေးများအပါအဝင်(၃၉)ဦးရှိသည်။ (၄)နှစ်အောက်ကလေးငယ်များမှာ ကျား(၁၄)၊ မ(၁၃) ပေါင်း(၂၇) ဦးရှိပြီး(၅.၆) ရာခိုင်နှုန်းရှိပါသည်။ စာမတတ်သူ(၅)နှစ်အထက်မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများမှာ (၂.၅) ရာခိုင်နှုန်းရှိပါသည်။ လက်ရှိကျောင်းတက်နှုန်းမှာ ကိန်းဂဏန်းများအရမူလတန်း ကျား(၂၁)၊ မ(၁၃)ပေါင်း(၃၄)ဦး အလယ်တန်းကျား(၁၂)၊ မ(၁၄) ပေါင်း(၂၆)ဦး၊ အထက်တန်းကျား(၇)၊ မ(၇)ဦး ပေါင်း(၁၄)ဦး တက္ကသိုလ်ကျား(၂)၊ မ(၄) ပေါင်း(၆) ဦးရှိပါသည်။ ကျေးရွာ၏အတန်းပညာပြီးမြောက်မှုအဆင့်မှာအလယ်အလတ်ရှိပြီး ကျောင်းတတ်နှုန်းအဆင့်မှာရာနှုန်းပြည့်နီးပါးရှိသောကြောင့် ကျေးရွာ၏ပညာရေးအဆင့်အတန်းမှာအလယ်အလတ်အဆင့်ရှိပါသည်။

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

ဇမ္ဗူညွှန့်ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေများအနက်အမျိုးသားဦးရေမှာ(၁၅၆)ဦး၊အမျိုးသမီးဦးရေမှာ(၁၉၁)ဦးရှိပါသည်။ လယ်ယာစိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်တွင်အမျိုးသား(၁)ဦးလျှင် (၅၀၀၀)ကျပ်နှင့် အမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)ကျပ်ခန့်ရရှိပါသည်။ ကွမ်းခူး/ကောက်စိုက်/ပဲရိတ်စသည့် အမျိုးသမီးအလုပ်များတွင်(၄၀၀၀)ကျပ်ခန့်ရရှိပါသည်။ စာတတ်မြောက်မှုတွင်လည်းအမျိုးသမီးဦးရေမှာပိုမိုများပါသည်။ ကျေးရွာ၏အုပ်ချုပ်ရေးအပိုင်းတွင်အမျိုးသမီးပါဝင်မှုမရှိသောကြောင့် စီမံအုပ်ချုပ်ရာတွင်ဆုံးဖြတ်ပိုင်ခွင့် အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်သည်။ ကျန်းမာရေး၊လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့တွင်မူတက်ကြွစွာပါဝင်ကြပြီးစီမံဆုံးဖြတ်ပေးခြင်းတွင်အနည်းငယ်သာရှိပါသည်။ အမျိုးသမီးများလိင်အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ သံသယဖြစ်ဖွယ်အကြမ်းဖက်မှုစသည်တို့မရှိပဲလူနေမှုအဆင့်အတန်းခွဲခြားဆက်ဆံမှုမရှိပါ။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာတွင်လမ်းပန်းဆက်သွယ်ရေးညံ့ခြင်း၊ ဓါတ်အားလိုင်းနှင့်နီးသော်လည်းခနအင်အားမပြည့်စုံမှုကြောင့် လူနေမှုအဆင့်အတန်းနှင့်ဖွံ့ဖြိုးမှု အခြေအနေများနှောင့်နှေးနေကြောင်းသိရှိရပါသည်။ ထိုသို့သိရှိခြင်းအားဖြင့်နိုင်ငံတော်အစိုးရနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ကမ္ဘာဘဏ်ကဲ့သို့ဖွံ့ဖြိုးရေးအထောက်အပံ့ပေးသောအဖွဲ့အစည်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးဌာနဆိုင်ရာတို့နှင့်ချိတ်ဆက်အကောင်အထည်ဖော်ရာတွင်များစွာအထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ဇမ္ဗူညွန့်ကျေးရွာ၏ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်း၍ ရပ်မိရပ်ဖများ ဂေါပကအဖွဲ့ဝင်များ၊ အရန်မီးသတ်အဖွဲ့ဝင်များ၊ လူငယ်ပရဟိတအဖွဲ့ဝင်များ၊ နာရေးကူညီမှုအဖွဲ့ဝင်များ အားလုံးပူးပေါင်းကာ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်လျှက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏အကူအညီဖြင့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာနေပြည်သူများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာနေပြည်သူများ၏ဦးစားရေးလုပ်ငန်းအစီအစဉ်တွင် သက်ဆိုင်ရာလုပ်ငန်း ကော်မတီဝင်များမှ ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ဇမ္ဗူညွန့်ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးရိပ်သိမ်းပြီးချိန်တွင် မတ်ပဲအများဆုံးစိုက်ပျိုးပြီး ပဲတီစိမ်းအနည်းငယ်စိုက်ပျိုးပါသည်။ ဇမ္ဗူညွန့်ကျေးရွာတွင် မိုးရာသီတွင်သာ စပါးစိုက်ပျိုးကြပြီး အစဲ့ကြဲစိုက်ပျိုးစနစ်ဖြင့်သာစိုက်ပျိုးကြသည်။ စုစုပေါင်း စပါးစိုက် ဧကမှာ(၃၇၅.၉၆)ရှိပါသည်။ ဥယျာဉ်ခြံမြေပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ကွမ်းနှင့်ဖရုံ၊ သခွား၊ ပဲစောင်းငါး၊ ခရမ်းစသည့် အခြားသီးနှံများ စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် နွား၊ ဝက်၊ ဘဲ၊ ကြက် တို့ကို တစ်နိုင်တစ်ပိုင်မွေးမြူကြပြီး ငါးမွေးမြူရေးနှင့် အခြားစီပွားဖြစ်မွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဇမ္ဗူညွန့်ကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအဓိက အသက်မွေးဝမ်းကျောင်းအဖြစ် စပါးပွဲရုံအသေးစား၊ ဘတ္တရီအားသွင်း၊ ကုန်စုံဈေးရောင်း၊ စက်ပြင်၊ ဆိုင်ကယ်ကယ်ရီနေ့စား၊လက်သမား၊ခြင်းယက်၊အကြော်စုံ စသည့်လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ မြေယာမဲ့ဆင်းရဲသားများမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်နေ့စားကိုသာလုပ်ကိုင်ကြရပါသည်။ ထိုနေ့စားသမားများသည် လက်သမား၊ လယ်လုပ်ငန်း၊ခြံလုပ်ငန်းများတွင်နေ့စား၊ ဆန်ဆက်လုပ်သားစသည့်နေ့စားလုပ်ငန်းများလုပ်ကိုင်ကြရပါသည်။ တနေ့လျှင် လက်သမားလုပ်အားခမှာ (၈၀၀၀) မှ (၁၀၀၀၀) ထိရရှိပါသည်။ ကျန်လုပ်သားနေ့စားများမှာ ကျား(၅၀၀၀)နှင့် မ(၄၀၀၀)ခန့်ရရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ဇမ္ဗူညွန့်ကျေးရွာ၏ မြေဆီဩဇာအနေအထားအသင့်အတင့်ကောင်းမွန်ပါသည်။လယ်ယာမြေပြုပြင်ချိန်တွင် သဘာဝသစ်ရွက်ဆွေးစသည့်တို့ဖြင့် ပြုပြင်

သော်လည်း တိရိစ္ဆာန်များမှ ရရှိသောစွန့်ပစ်ပစ္စည်း သဘာဝမြေသြဇာများကို အသုံးမပြုနိုင်ပါ။ ဥပမာ နွားချေး၊မြင်းချေးစသည့်တို့ဖြစ်သည်။ ထိုသို့ ထိန်းသိမ်းသော်လည်း စပါးအထွက်တိုးရန်အတွက် ဓာတုဆေးဝါး၊ ဓာတုမြေသြဇာ၊ ပိုးသတ်ဆေး၊ပေါင်းသတ်ဆေး စသည့်တို့ကို အသုံးပြုရပေသည်။ ထိုဆေးဝါးများ အသုံးပြုရခြင်းကြောင့်သဘာဝမြေဆီလွှာများပျက်ယွင်းလာပါသည်။ အခြား မွေးမြူရေး၊ရေလုပ်ငန်းနှင့်သဘာဝသယံဇာတများမရှိပါ။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများအနေဖြင့် ကိုရီးယား၊ဖူ(လ်)လတန်အဖွဲ့မှ ချေးငွေများရရှိပါသည်။ ထိုချေးငွေရရှိမှုများသည် ကာလတိုချေးငွေများသာဖြစ်ပြီး အလွယ်တကူချေးယူ၍မရရှိနိုင်ပါ။ သမဝါယမချေးငွေဝန်ဆောင်မှုများလည်းရှိပါသည်။ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိသော်လည်း စိုက်ပျိုးချိန်အမီရရှိခြင်းမရှိပါ၊ကာလတိုချေးငွေများသာဖြစ်သည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဇမ္ဗူညွန့်ကျေးရွာရှိ အ.မ.က ကျောင်းဆောင်မှာ RC တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ ကျောင်း၏ဧရိယာမှာ စတုရန်းပေ ၄၈၀၀ခန့်ရှိပြီး ကျောင်းသုံးပရိဘောဂအသင့်အတင့်လုံလောက်မှုရှိပါသည်။ ကျောင်းတွင်အစိုးရခန့်ကျောင်းဆရာ(၁)ဦးကျောင်းဆရာမ(၄)ဦးရှိပြီး ကျောင်းသားဦးရေမှာ (၈၈)ရှိပါသည်။ ကျောင်းသား/သူ များအားကစားပြုလုပ်ရန် အားကစားကွင်းနှင့်အားကစားဆိုင်ရာပစ္စည်းများမရှိပါ။

ကျေးရွာတွင်းအဖြစ်များသောရောဂါများမှာ သွေးတိုး၊ ဆီးချိုနှင့် ၄က်ဖျားရောဂါအနည်းငယ်သာရှိပြီး အခြားကူးစက်ရောဂါများမရှိပါ။ ရာသီအလိုက်တုတ်ကွေးရောဂါ အနည်းငယ်သာရှိပါသည်။ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများရှိသော်လည်း ကျေးရွာနှင့်(၁)မိုင်ခန့်ဝေးသော ယုန်သလင်းကျန်းမာရေးဆေးပေးခန်းတွင်သွားရောက်ထိုးနှံကြပါသည်။ ဝက်သက်ရောဂါနှင့်ကိုယ်ဝန်ဆောင်မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်းများရှိပြီး ဆုံဆို့နာ၊ ကြက်ညှာစသည့် ကာကွယ်ဆေးများလည်း ထိုးနှံကြရပါသည်။ ကျန်းမာရေး အထောက်အပံ့နှင့်ဝန်ဆောင်မှုများအဖြစ် ကျေးရွာ၌ (၁)မိုင်အတွင်းတွင် ဆေးဆိုင် များရှိပြီးစနစ်တကျသိုလှောင်ထားမှုရှိပါသည်။ တိုက်နယ်ဆေးရုံမှာ ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးပြီးမြို့နယ်ဆေးရုံမှာ ကျေးရွာနှင့်(၁၅)မိုင်ခန့်ဝေးပါသည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် ယခင်ကရေတွင်းများရှိသော်လည်း အသုံးမပြုကြတော့ပါ။ ယခုအခါ အဝီစီတွင်းရေကိုသာသုံးစွဲသောက်သုံးကြပြီး ရာသီမရွေးအသုံး ပြုနိုင်ပါသည်။ အဝီစီတွင်း တုံကင်(၅၈)လုံးနှင့် အဝီစီတွင်း စက်တပ်(၅၄)လုံးရှိပြီး (၁၂) အိမ်ထောင်စုမှာ အနီးအနားရှိ အဝီစီတွင်းများကို သာအသုံးပြုကြသည်။

ကျေးရွာ၏ လူနှင့်တိရိစ္ဆာန်မှစွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရန် ရေလောင်းယင်လုံအိမ်သာ(၁၁၈)လုံး၊ ရေဆွဲအိမ်သာ(၁)လုံးရှိပြီးသန့်ရှင်းမှုနည်းသောအိမ်သာ(၄)လုံးရှိပါသည်။ တစ်အိမ်ထောင်မှာ အမျိုးသမီးဦးဆောင်သော သက်ကြီးရွယ်အိုအိမ်ထောင်စုဖြစ်သောကြောင့် အနီးအနားတွင်ရှိသောအိမ်သာကိုသာအသုံးပြုရပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာအတွင်းရှိလူငယ်များမှာ ယဉ်ကျေးမှုအမွေနှင့်ရိုးရာဓလေ့ထုံးစံများ ထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်အပန်းဖြေနေရာများ နှင့်လူငယ်စာကြည့်တိုက်များမရှိပါ။ ကျေးရွာတွင်းရှိလူငယ်များ အရက်သေစာနှင့် မူးယစ်ဆေးဝါး အန္တရာယ်မကျရောက်စေရန်ဥပဒေအရ တားဆီးအရေးယူခြင်းနှင့် ပညာပေးဆွေးနွေးခြင်းများပြုလုပ်ဆောင်ရွက်သင့်သည်။ အားကစားဆိုင်ရာ အထောက်အကူပစ္စည်းများနှင့်စာကြည့်တိုက်ကိုလည်းဖွင့်လှစ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ဇမ္ဗူညွန့်ကျေးရွာသည်မြစ်၊ချောင်းများ မရှိသဖြင့်ကုန်းလမ်းကိုသာ အဓိက အသုံးပြုရပါသည်။ ရွာတွင်းလမ်းကို တည်ဆောက်ခဲ့သည်မှာ (၆၃)နှစ်ခန့်ရှိပြီဖြစ်ပြီး ယခုအချိန်အထိမြေသားလမ်းအဖြစ်ဖြင့်သာ တည်ရှိနေဆဲဖြစ်ပါသည်။ ကျေးရွာတွင်း လမ်း(၄၁၀၀)ပေအနက် (၁၉၀၀)ပေခန့်ကို ၂၀၁၅ ခုနှစ် လွှတ်တော်ငွေ ၊ပြည်သူထည့်ဝင်ငွေတို့ဖြင့် ပေါင်းစပ်ကာခင်းခဲ့ပါသည်။ လမ်းအကျယ်မှာ(၂)လမ်းသွား၊(၁)ပေခွဲထု(၆)လက်မ ကုန်ကျငွေ(၈၇)သိန်းခန့်ကုန်ကျခဲ့ပါသည်။တံတားများမရှိပါ။ ရေကျော်တံတား(၁)စင်း အကျယ်(၁၀) ပေ၊ အရှည်(၃)ပေခန့်ရှိပါသည်။

ဇမ္ဗူညွန့်ကျေးရွာနှင့် ဓာတ်အားလိုင်းအကွာအဝေးမှာ အဝေးဆုံး (၁၁၀၀) ပေခန့်သာရှိသော်လည်း ဓနအင်အားမပြည့်စုံမှုကြောင့် (၄၃)အိမ်ထောင်စုတွင်သာ မဟာဓာတ်အားလိုင်း လျှပ်စစ်မီးသုံးစွဲနိုင်ပါသည်။ ကျန်အိမ်ထောင်စု(၈၁)စုမှာ ဆိုလာနှင့်အခြားလျှပ်စစ်မီးကိုသာအသုံးပြုကြပါသည်။

သတင်းအချက်အလက်များကို ရေဒီယို၊တီဗွီ၊စလောင်း စသည်တို့မှသိရှိရပြီး ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်း၊ ဟန်းဖုန်းတို့ကိုသုံးစွဲကြပါသည်။ ကျေးရွာအတွင်းတွင်ဂြိုလ်တုဆက်သွယ်ရေးတယ်လီနေ့ာတိုင်ရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ဇမ္ဗူညွန့်ကျေးရွာအတွင်းတွင် အမှုအခင်းပြဿနာ အလွန်နည်းပါးပြီး သာမန်ခိုးမှုမျှသာရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး၊ရာအိမ်မှူး၊ဆယ်အိမ်မှူးတို့မှ ကူညီဆောင်ရွက်ပေးသော်လည်း မှုခင်းကျဆင်းရေးအတွက်ပြည်သူရဲဝန်ထမ်းများ ကင်းလှည့်ဆောင်ရွက်ခြင်းများမရှိပါ။

၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ဇမ္ဗူညွန့်ကျေးရွာ၏စိုက်ပျိုးရေးမှ အဓိကရရှိသောထုတ်ကုန်မှာစပါးဖြစ်ပါသည်။ ရိတ်သိမ်းချိန်တွင် ပျက်စီးဆုံးရှုံးမှုများမရှိစေရေးရာသီမရွေးသုံး၍ရနိုင်သော ကုန်ထုတ်လမ်းရှိရန်လိုအပ်ပါသည်။ ယခုအခါကုန်ထုတ်လမ်းရရှိရေးကို ဦးစားပေးဆောင်ရွက်နေပြီဖြစ်ပါသဖြင့်နောင် တစ်ချိန်တွင်ဖွံ့ဖြိုးနိုင်သော အလားအလာကောင်းများရှိလာမည်ဟု ထင်မိပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

(၁)စိုက်ပျိုးရေး

ဇမ္ဗူညွန့်ကျေးရွာ၏လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်အားနှင့်အခြားသွင်းအားစုများအသုံးစရိတ်ကြီးမားပြီး ထုတ်ကုန်ဈေးကွက်နည်းသောကြောင့် အမြတ်ငွေနည်းပါးရသည်။ တစ်ဧကလျှင်စပါးမှရရှိသောအမြတ်ငွေ (၂၅၀၀၀၀)ခန့်သာရရှိပြီး စပါးသက်တမ်းနှင့် တွက်မည်ဆိုပါက တစ်လလျှင်တစ်ဧက၏ဝင်ငွေ (၄၂၀၀၀) ခန့်သာရှိ ကြောင်းတွေ့ရသည်။

(၂)မွေးမြူရေးနှင့်ရေလုပ်ငန်း

ဇမ္ဗူညွန့်ကျေးရွာတွင် မွေးမြူရေးကိုစီးပွားဖြစ်မွေးမြူခြင်းမရှိဘဲ နွား၊ဝက်၊ဘဲ၊ကြက်တို့ကိုတစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ ရေလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော်လည်းငါးရှဥ့်ထောင်၊ငါးထောင်စသည့် ဝမ်းစာရှာဖွေစားသောက်သူအနည်းငယ်မျှသာရှိသည်။

(၃)ပညာရေး

ဇမ္ဗူညွှန့်ကျေးရွာ၏ အနောက်ဘက်တွင်မူလတန်းကျောင်းရှိပြီး ရွာ၏ အလယ်မှပေ(၁၀၀၀)ခန့်သာ ကွာဝေးပြီး ကျောင်းတွင်ဆရာ၊ဆရာမများနှင့် ကျောင်းသုံးပရိဘောဂများ အလုံအလောက် ရှိပါသည်။ ကျေးရွာတွင်းလမ်းမှလွဲ၍ အပြင်လမ်းများမှာ ကောင်းမွန်သောကြောင့် ကျောင်းသား၊ကျောင်းသူများ သွား လာရန်လွယ်ကူပါသည်။ ထို့ကြောင့်ပညာရေးနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့ ကြောင်းတွေ့ရှိရပါသည်။ သို့သော်မူလတန်းကျောင်းတွင် အားကစားဆိုင်ရာ အထောက်အပံ့ပစ္စည်းများလိုအပ်နေသည်။ နှစ်ထပ်ကျောင်းဆောင်အသစ်ရရှိရန် အတွက်လည်းမျှော်လင့်ချက်ရှိပါသည်။

(၄)ကျန်းမာရေး

ဇမ္ဗူညွှန့်ကျေးရွာ၏ကျန်းမာရေးနှင့်ပတ်သက်၍ ပေ(၇၀၀) ခန့်ဝေးသော ပုဂ္ဂလိကဆေးခန်း၊ ပေ(၁၉၈၀)ခန့်ဝေးသောကျန်းမာရေး ဆေးပေးခန်းနှင့် ဆေးဆိုင်များ ရှိပါသည်။နိဗ္ဗာန်တိုက်နယ်ဆေးရုံနှင့်(၃)မိုင်ခန့်ဝေးပြီး ဟသ်ာတ မြို့နယ်ပြည်သူ့ဆေးရုံနှင့် (၁၅)မိုင်ခန့်ဝေးပါသည်။ ယခုအခါဇမ္ဗူညွှန့်ကျေးရွာနှင့် ပေ(၅၀၀)ခန့်သာဝေးသော ယုန်သလင်းတိုက်နယ် ဆေးရုံတည်ဆောက်ရန် မြေနေရာ သတ်မှတ်ပြီးဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတွင်းလမ်းပန်းဆက်သွယ် ရေးကောင်းမွန်လာပါကမိုးရာသီတွင်လည်း လူနာတင်ယာဉ်နှင့် ကျန်းမာရေးဆိုင် ရာဝန်ထမ်းများ သွားလာရေးလွယ်ကူလာမည်ဟု ထင်မိပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

ဇမ္ဗူညွှန့်ကျေးရွာကို ခေတ်မှီ၍ဖွံ့ဖြိုးတိုးတက်သောစံပြကျေးရွာအဖြစ် တွေ့မြင် ရရန်ရည်မှန်းဆောင်ရွက်လျှက်ရှိပါသည်။ ရွာတွင်းသွားလာရေးမှစ၍ လျှပ်စစ်မီးရရှိရေး စသည့်ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ရည် မှန်းချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရေး တာဝန်ခံဝန်ထမ်းများမှအဆိုပါစီမံကိန်း အားအကောင်အထည်ဖော် ဆောင်ရွက်ရန်စီမံကိန်းရေးဆွဲနေပြီဖြစ်ပါသည်။ ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာအစိုးရဌာနအသီးသီး

တို့၏ ညွှန်ကြားချက်များအတိုင်း ကျေးရွာပြည်သူလူထုစုပေါင်းအင်အားဖြင့်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ဇမ္ဗူညွှန့်ရွာ၏ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ပညာရေးမြင့်မားတိုးတက်ခြင်းတို့ကို ရည်မှန်းလျှက် (၅)နှစ်တာကာလအတွင်း စီမံကိန်းများချမှတ်အကောင်အထည် ဖော်ထားပါသည်။

(က-၁)ကျေးရွာနေပြည်သူများ၏စိုက်ပျိုးရေးနှင့် ပတ်သက်သော အခြေအနေကောင်းများ ရရှိစေရေး၊ ဝင်ငွေတိုးတက်စေရန်ဆောင်ရွက်ရမည်။ မွေးမြူရေးကိုလည်းစိတ်ဝင်စားလာစေရန်အသိပညာပေးနှိုးဆော်ရမည်။

(က-၂)ကျေးရွာရှိ လူငယ်များကို ပညာရေးမြင့်မားတိုးတက်စေခြင်းနှင့် ဝင်ငွေပို၍ကောင်းသော၊ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိစေရေးရည်ရွယ်၍ ကျွမ်းကျင်အသက်မွေးဝမ်းကြောင်း ပညာတတ်မြောက်သင်ယူနိုင်စေရန်ဆောင်ရွက်ရမည်။

(က-၃) ကျေးရွာတွင်းကျယ်ပြန့်၍ သန့်ရှင်းသပ်ရပ်သော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်နှင့် လျှပ်စစ်မီးရရှိရေးတို့ကိုဆောင်ရွက်ရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

(ခ-၁)ကျေးရွာတွင်း ညံ့သောလမ်းများကို အဆင့်မြှင့်တင်ကွန်ကရစ်ကာ ချောင်းကျောက်ခင်းလမ်း တည်ဆောက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်သက်ဆိုင်ရာဦးစီးဌာနများ နှင့်ချိတ်ဆက်ပြီး ကျေးရွာရှိပြည်သူတို့၏လုပ်အား နှင့်ပေါင်းစပ်ကာလုပ်ဆောင်သွားပါသည်။

(ခ-၂)ကျေးရွာတွင်းလျှပ်စစ်မီးမရရှိသေးသည့် နေအိမ်များလျှပ်စစ်မီးရရှိရန် သက်ဆိုင်ရာဌာန အသီးသီး၏အကူအညီဖြင့် ဆက်လက်ဆောင်ရွက်သွားပါမည်။ သို့သော် ထောက်ပံ့ငွေ(သို့)အတိုးနှုန်း သက်သာသောကာလရှည်ချေးငွေရရှိနိုင်မည့်နည်းလမ်းများကိုလိုအပ်နေသည်မှာအမှန်ပင်ဖြစ်ပါသည်

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ဇမ္ဗူညွန့်ကျေးရွာတွင်နေထိုင်သောပြည်သူများ၏ လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးနှင့် ကဏ္ဍပေါင်းစုံ တိုးတက်ရန်လိုအပ်ချက်များအားနိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်တို့မှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဇမ္ဗူညွန့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စိတ်ဓာတ်နှင့် ကဏ္ဍပေါင်းစုံတိုတက်မြင့်မားနိုင်ရေးအတွက် ရည်မှန်းချက်ထား၍ ဤစီမံကိန်းကိုရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် နိုင်ငံတော်အစိုးရ၏ အထောက်အပံ့များ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏စနစ်တကျ၊ ကွပ်ကဲညွှန်ကြားချက်များဖြင့် (၅)နှစ်တာစီမံကိန်းအားရေးဆွဲလုပ်ဆောင်ခဲ့ပါသည်။

ထို့ကြောင့် ဦးစားပေးလုပ်ငန်းစီမံချက်များ အချိန်နှင့်တပြေးညီပြီးမြောက်အောင်လုပ်ဆောင်နိုင်ရေး၊ ငွေကြေးသုံးစွဲမှုနှင့်တည်ဆောက်မည့် စီမံကိန်းအရေ အသွေးကောင်းမွန်စေရန်ဆက်လက်ဆောင်ရွက်သွားပါမည်။ ကျေးရွာပြည်သူများအားတက် သရောပါဝင်လာနိုင်ရန်ပွင့်လင်းမြင်သာပြီး စုပေါင်းဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်။ ဦးစားပေးစီမံချက်များပြီးမြောက်သွားပါကလည်း ရေရှည်တည့်တံ့အောင် ဆက်လက်ထိန်သိမ်းပြုပြင်ရပါမည်။

(ခ)စီမံကိန်း၊စီမံချက်နှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို(၅)နှစ်တာကာလ ရေရှည်စီမံကိန်းအဖြစ်ဆက်လက်ဆောင်ရွက်ရပါမည်။ဦးစားပေးအကောင်အထည်ဖော်ရမည့် စီမံချက်များကိုလည်း သတ်မှတ်ထားသည့်အချိန်ကာလထက် မကျော်လွန်ပဲပြီးမြောက်အောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အခြားဦးစားပေးစီမံချက်များကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်းပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားပါမည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် ဦးစားပေးစီမံချက်များသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြည့်စုံမှုမရှိနိုင်ပါ။ တစ်နှစ်တာ ဦးစားပေးစီမံချက် ပြီး

ဆုံးသွားသော်လည်း အခြားဦးစားပေးအစီအစဉ်များသည်(၅) နှစ်တာကာလအတွင်းထပ်မံလိုအပ်နေမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးစီမံကိန်း (နှစ်အလိုက်)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ကျေးရွာတွင်လိုအပ်မည့် ဦးစားပေးစီမံချက်များပြင်ဆင်ရေးဆွဲသွားရပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များနှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကိုစိစစ် စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (FunctionalClassification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification) –ဝန် ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

  လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့ တို့ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ဦးစားပေးဆောင်ရွက်ရမည့် စီမံချက်များ(၉)ခုပေါ်ထွက်လာပါသည်။ ယင်းသို့ထွက်ရှိလာသော စီမံချက် များထဲမှ ပထမဦးစွာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အတွက် ကျေးရွာသူ ကျေးရွာ သားများ

အုပ်စု(၅)စုခွဲ၍ အမှတ်ပေးစနစ်ဖြင့်အမှတ်ပေးရပါမည်။ အမှတ်အများဆုံးရရှိသည့်ဦးစားပေးလုပ်ငန်းစဉ်ကို ပထမဦးစားပေးလုပ်ငန်းစဉ်အဖြစ် စတင် အကောင်အထည်ဖော်ရပါမည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် နည်းပညာနှင့် ငွေကြေးအထောက်ပံ့များကို သက်ဆိုင်ရာဌာနအသီးသီးများထံမှ အကူအညီရရှိရန်လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | လမ်း | ကျေးရွာတွင်းကွန်ကရစ်ကာကျောက်ချောလမ်းခင်းခြင်း | ၉၈ | ၁ |
| ၂ | မီးလင်းရေး | လျှပ်စစ်ဓာတ်အားရရှိရေး | ၉၂ | ၂ |
| ၃ | မီးဘေးကာကွယ်ရန် | ဂါလံ(၁၆၀၀၀)ဆန့်သောမီးသတ်ရေလှောင်ကန် | ၈၉ | ၃ |
| ၄ | လူငယ်ဖွံ့ဖြိုးရေး | စာကြည့်တိုက် | ၈၅ | ၄ |
| ၅ | ရေနုတ်မြောင်း | ရွာတွင်းရေဆိုး၊ရေညစ်ထုတ်နုတ်ရန် | ၈၂ | ၅ |
| ၆ | စိုက်ပျိုးရေး | ရေကြီးမှုမှကာကွယ်ရန်ရေဂနုတ်မြောင်းဖောက်လုပ်ရန် | ၇၉ | ၆ |
| ၇ | ရေသန့်စက်ရေတွင်း | သံဓာတ်လွတ်ကင်းသောသန့်ရှင်းသောသောက်သုံးရေ | ၇၆ | ၇ |
| ၈ | ပညာရေး | နှစ်ထပ်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ၇၀ | ၈ |
| ၉ | ရွာချင်းဆက်လမ်း | ရိပ်သိမ်းချိန်မှီ ကုန်ထုတ်လမ်းဖောက်လုပ်ရန် | ၆၅ | ၉ |

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ် ကျောက်ချောလမ်းခင်းခြင်း | ၁ | ✔ | ✔ | | | |
| ၂ | လျှပ်စစ်မီးလင်းရေး | ၂ | | ✔ | ✔ | | |
| ၃ | ဂါလံ(၁၆၀၀၀)ဆန့်သောမီးသတ် ရေလှောင်ကန် | ၃ | | ✔ | | | |
| ၄ | စာကြည့်တိုက် | ၄ | | ✔ | | | |
| ၅ | ကျေးရွာတွင်းပတ်ဝန်းကျင်သန့်ရှင်း ရေး | ၅ | | | ✔ | | |
| ၆ | စပါးပျက်စီးမှုကာကွယ်ရန် | ၆ | | | ✔ | | |
| ၇ | သောက်သုံးရေသန့်တွင်း | ၇ | | | | ✔ | |
| ၈ | ကျောင်းအဆောက်အဦ | ၈ | | | | | ✔ |
| ၉ | စိုက်ပျိုးရေးထုတ်ကုန်သယ်ယူပို့ ဆောင်လွယ်ကူရန် | ၉ | | | | | ✔ |

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျတ်ပမာဏများသည်ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံဆောင်ရွက်ပေးသော အစိုးရအထောက်အပံ့ရင်းနှီးမြှပ်နှံမှုပေးသော ငွေကြေး(၁၀၀%)လျှင် ကျေးလက်နေပြည်သူများ၏ထည့်ဝင်ငွေ ၃၀% ပူးပေါင်းထည့်ဝင်ရမည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာကိစ္စရပ်များကိုလိုအပ်သည့်ငွေကြေးဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းစေပြီးစီမံဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်သူထည့်ဝင်ငွေများကိုလည်း စနစ်တကျကောက်ခံထိန်းသိမ်းထားရပါမည်။ ထည့်ဝင်ငွေမဟုတ်သောလုပ်အားနှင့်ပစ္စည်းကိရိယာအခြားလှူဒါန်းမှုများကိုလည်းစာရင်းတိကျစွာပြုစုထားရပါမည်။

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းကွန်ကရစ်ကာကျောက်ချောလမ်းခင်းခြင်း | | | ✔ | | |
| ၂ | လျှပ်စစ်မီးလင်းရေး | | | ✔ | | |
| ၃ | ဂါလံ(၁၆၀၀၀)ဆန့်သောမီးသတ်ရေလှောင်ကန် | | | ✔ | | |
| ၄ | စာကြည့်တိုက် | | | ✔ | | |
| ၅ | ကျေးရွာတွင်းပတ်ဝန်းကျင်သန့်ရှင်းရေး | | | ✔ | | |
| ၆ | စပါးပျက်စီးမှုကာကွယ်ရန် | | | ✔ | | |
| ၇ | သောက်သုံးရေသန့်တွင်း | | | ✔ | | |
| ၈ | ကျောင်းအဆောက်အဦ | | | ✔ | | |
| ၉ | စိုက်ပျိုးရေးထုတ်ကုန်သယ်ယူပို့ဆောင်လွယ်ကူရန် | | | ✔ | | |

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ရာတွင် ဦးစားပေးအစီအစဉ် (၁၊ ၂၊ ၃၊ ၄) စသည့်ဖြင့် အရေးကြီးဆောင်ရွက်ရမည့်စီမံချက်များကို အစဉ်လိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဦးစားပေးအစီအစဉ်ပထမအဆင့်လမ်းခင်းရာတွင်(၁၅)ပေအကျယ်ရှိသောလမ်းဘေးနယ်နိမိတ်တစ်ဖက်ဆီတွင် အကျယ် ၁ပေ၊ထု ၆လက်မ ရှိသောကွန်ကရစ်ဘောင်ကာပြီးအတွင်း လမ်း ၁၃ပေကို ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဟု စီစဉ်ဆုံးဖြတ်ထားပါသည်။

(၁၀-၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့်ကျေးရွာ၏ပြည်သူလူထုစုပေါင်းဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာပြည်သူလူထုစိတ်ဝင်စားပါဝင်လာစေရန် စည်းရုံးခြင်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံခန့်ခွဲရမည့်တာဝန်ကို အဓိကထမ်း ဆောင်ရမည်ဖြစ်သည်။ ထို့နောက်မှ လမ်းဖြစ်မြောက်ရေးအတွက် လမ်းကော်မတီ ၊လျှပ်စစ်မီးလင်းရေးအတွက်မီးလင်းရေးကော်မတီ၊ မီးသတ်ရေလှောင်ကန်တည်ဆောက်ရေးကော်မတီ စသည့်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းကာဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် ဝယ်ယူရေး၊ လုပ်ငန်းအကောင်အထည်ဖော်ရေး၊ကြီးကြပ်ရေး၊စာရင်း အတိကျဖော်ပြနိုင်ရန်စာရင်းကိုင်အဖွဲ့တို့ကို အဆင့်ဆင့်ဖွဲ့စည်း၍ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကျေးရွာနှင့်ဖွံ့ဖြိုးရေး အတွက်အဆင့်ဆင့် ဖွဲ့စည်း၍လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းပေးထားသော သင်တန်းသား(၂)ဦး၊ ကျေးရွာတွင်းရှိ ကျေးရွာသူကျေးရွာသားများလူငယ်အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများစသည့်တို့နှင့် ပူးပေါင်းကာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရပါမည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

